SHAN HUMAN RIGHTS FOUNDATION
shanhumanrights.org    shanhumanrightsfoundation@gmail.com

UPDATE


# ရှမ်းပြည်မြောက်ပိုင်း မဘိမ်းမြို့နယ်၌ ရွှေလီမြစ်ရေလွှမ်းမိုးနေချိန်တွင် စစ်ကောင်စီ၏ လေကြောင်း တိုက် ခိုက်မှုကြောင့် အရပ်သား (၄) ဦးသေဆုံးကာ (၈) ဦးဒဏ်ရာရရှိ

၂၀၂၆ ဩဂုတ်လ ၁၂ ရက်

၂၀၂၆ ဇူလိုင်လ နောက်ဆုံးပတ်မှစတင်ကာ ကချင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (KIA)ထိန်းချုပ် ထားသည့် ရှမ်းပြည်မြောက်ပိုင်း မဘိမ်းမြို့နယ်တွင် တရုတ်နိုင်ငံ ရွှေလီမြစ် အထက်ပိုင်းမှ ဆည်ရေများ လွှတ်ချမှုကြောင့် ရွှေလီမြစ်နှင့် နမ့်ပေါ်ချောင်းရေတို့ မြင့်တက်လာခဲ့ပြီး ကျေးရွာအချို့နှင့် မြို့ပေါ်ရပ်ကွက်အချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ ပါသည်။

ထိုသို့ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေသည့် ကြားကပင် စစ်ကောင်စီတပ်ဖွဲ့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် မဘိမ်းမြို့နယ်တွင် ဇူလိုင်လ (၂၈) ရက်နေ့မှ ဩဂုတ်လ (၈)ရက်နေ့အထိ အရပ်သား ( ၄) ဦး သေဆုံးကာ (၈)ဦးဒဏ်ရာရရှိခဲ့ပြီး နေအိမ်အလုံး (၂၀)ခန့်ပျက်စီးခဲ့ပါသည်။

ရှမ်းပြည်မြောက်ပိုင်း မဘိမ်းမြို့နယ်တွင် စစ်ကောင်စီတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုများ (ဇူလိုင် ၂၈-ဩဂုတ် ၆,၂၀၂၆)



၂၀၂၆ ခုနစ် ဇူလိုင်လ ၂၈ ရက်နေ့ မနက် ၁၁ နာရီခန့်တွင် စစ်ကောင်စီတပ်ဖွဲ့မှ Y12 တိုက်လေယာဉ်ဖြင့် မဘိမ်း မြို့ ရပ်ကွက် ၂ နှင့် ၃ တို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား ၃ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာရရှိကာ နေအိမ် ၁၀လုံးထက်မနည်းထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၃၀ ရက်နေ့ ညနေ ၄ နာရီခန့်တွင် မဘိမ်းမြို့နယ် ဘဟဲကျေးရွာနှင့် ရပ်ကွက် ၃ တို့ကို စစ်ကောင်စီ တပ်မှဗုံးကျဲတိုက်ခိုက်ခဲ့ရာ အရပ်သား ၄ ဦးဒဏ်ရာရရှိကာ နေအိမ် ၅ လုံးခန့်ပျက်စီးခဲ့ပါသည်။

ဩဂုတ်လ ၃ရက်နေ့ ည ၁၁ နာရီဝန်းကျင်တွင် မဘိမ်းမြို့ ရပ်ကွက် ၂ ကို စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာ ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ် ၃ လုံးထက်မနည်းပျက်စီးခဲ့ပြီး အမျိုးသား ၁ ဦးသေဆုံးခဲ့သည်။

ဩဂုတ်လ ၆ ရက်နေ့ ည ၁၁ နာရီဝန်းကျင်တွင် မဘိမ်းမြို့ ရပ်ကွပ် ၃ ရှိ မဘိမ်းဆေးရုံကြီးကို စစ်ကောင်စီမှ လေကြောင်းဗုံးကြဲခဲ့ရာ ဆေးရုံအဆောက်အအုံ ၃ လုံးပျက်စီးခဲ့သည်။



*ရှမ်းပြည်မြောက်ပိုင်း မဘိမ်းမြို့နယ် ရပ်ကွက် ၃ ရှိ စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဆေးရုံအဆောက်အဦး*

**ဆက်သွယ်ရန်:**

Signal

| စိုင်းဟော်ရှန် | ယိင်းလျှန်းဟန် | စိုင်းဟတ်စစ် |
|---|---|---|
| ရှမ်း၊ အင်္ဂလိပ် | မြန်မာ | ရှမ်း၊ အင်္ဂလိပ်၊ ထိုင်း |